# ကျောက်ဖြူအထူးစီးပွါးရေးဇုန် - တာဝန်ယူမှုရှိသည့် စီမံကိန်းတစ်ခုဖြစ်လာနိုင်ပါ့မလား။

ကုန်ခဲ့သည့် ဇွန်လအစောပိုင်းက ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး နှင့် ကျောက်ဖြူဒေသ ခံများတွေ့ဆုံပွဲတစ်ခုတွင် ရွှေဂတ်(စ်)ပိုက်လိုင်း စီမံကိန်း ကြောင့်ပျက်စီးဆုံးရှုံးခဲ့ရသည့် လယ်မြေပြသနာများကို ဖြေရှင်းပေးရန် ဂုံးချိန်ရှာသူ တစ်ဦးက တရုတ်သံအမတ်အား တောင်းဆိုခဲ့သည်။ ဤကဲ့သို့ မပြီးပြတ်ဘဲ ကျန်ရှိနေသေးသည့် ပြသနာများကြောင့် ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်ဖြူ အထူးစီးပွါးရေးဇုန် စီမံကိန်းသည် ဒေသခံများအတွက် ကောင်းမွန်သည့် အကျိုးရလဒ်ရှိမည်ဟု မယုံကြည်ကြောင်းလည်း ထုတ်ဖော်ပြော ဆိုခဲ့သည်။

ဤကဲ့သို့ လက်ရှိ ရင်ဆိုင်နေရသည့် အငြင်းပွါးမှုများကြောင့် ဒေသခံများအနေဖြင့် ကျောက်ဖြူ အထူးစီးပွါးရေးဇုန် စီမံကိန်းအားအကောင်း မြင်မှုမရှိကြချေ။ ဤစီမံကိန်းသည် သူတို့အတွက် နောက်ထပ် “ဆုံးရှုံးနစ်နာမှု” တစ်ခုဖြစ်လိမ့်မည် ဟုလက်ခံယုံကြည်နေကြသည်။ ကျောက်ဖြူ အထူးစီးပွါးရေးဇုန် တည်ဆောက်မှုကြောင့် လယ်ယာမြေများစွာလက်လွှတ်ဆုံး ရှုံးကြရမည် ဖြစ်ပြီး ၎င်းတို့၏ သက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပျက်စီးဆုံးရှုံးကြရမည်ကို ဒေသခံလယ် သမားများကြောက်ရွံ့စိုးရိမ် လျက်ရှိနေကြသည်။

စီမံကိန်း  အကောင်အထည်ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် နှင့် ဒေသအတွက် လူမှုစီးပွါးဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းစေမည် ဟု ယခင်အစိုးရမှ ကတိကဝတ်များ ရှိခဲ့သည်။ သို့ရာတွင် International Commission of Jurists (ICJ) မှ မကြာသေးခင်က သွားရောက်ခဲ့သည့် ကျောက်ဖြူ ခရီးစဉ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များ နှင့် ရှေ့နေများ အပါအဝင် ဒေသခံများက ကျောက်ဖြူ အထူးစီးပွါးရေး စီမံကိန်း ကြောင့် ထပ်မံကြုံရဖွယ်ရှိသည့် ဒုတိယအကျော့ လူ့အခွင့်အရေးချိုးဖောက်မှုများ အတွက်စိုးရိမ်ကြကြောင်းကို ICJ အားဆွေးနွေးအ သိပေးခဲ့ကြသည်။

စင်စစ်အားဖြင့် အထူးစီးပွါးရေးဇုန်များသည် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးမူဝါဒများအား လူ့အခွင့် အရေးစံချိန်စံနှုန်းများနှင့် အညီ ကောင်းမွန်စွာ ပြဌာန်းအကောင်အထည်ဖော်မည်ဆိုပါက နိုင်ငံ၏စီး ပွါးရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ လူနေမှု အဆင့်အတန်းကိုလည်း မြင့်မားစေမည်။ သို့မဟုတ် ပါက ဤကဲ့သို့ အကြီးစား စီမံကိန်းများအနေဖြင့် သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ အပါအဝင် လူ့အခွင့်အရေးချိုး ဖောက်မှုများကြုံတွေ့ရမည့် အန္တရယ်များစွာရှိသည်။

နိုင်ငံတကာ စံနှုန်းများနှင့် ပြည်တွင်း ဥပဒေများအား လိုက်နာဆောင်ရွက်မှုအားနည်းသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ ဆိုးကျိုးအန္တရယ်များကို မြန်မာ-တရုတ် ပိုက်လိုင်းစီမံကိန်း အတွေ့အကြုံ

များခံစားခဲ့ရဖူးသည့် ကျောက်ဖြူဒေသခံများအနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ထားကြပြီး ဖြစ်သည်။

ရွှေဂတ်(စ်) ပိုက်လိုင်းစီမံကိန်း သည် အခြေခံအလုပ်သမားအခွင့်အရေးချိုးဖောက်မှုများ၊ လုံလောက်မှုမရှိသည့် လျော်ကြေးများ၊ မြေယာဆုံးရှုံးမှုများ၊ ဒေသခံများဖမ်းဆီးခံရမှု၊ သက်မွေးဝမ်းကြောင်းဆိုင်ရာ ဆုံးရှုံးမှုများ နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ဖြစ်စေခဲ့သည်ကို ရွှေသဘာဝဓာတ်ငွေ့ လှုပ်ရှားမှု ၏ အစီရင်ခံစာတစ်စောင် တွင်ဖော်ပြထားသည်။ ကောင်းမွန်စနစ်ကျသည့် ဖြေရှင်းဆောင်ရွက်မှုယန္တယားများ မရှိသည့်အတွက်ကြောင့် ဒေသခံများအနေဖြင့် ရံဖန်ရံခါ လမ်းပေါ်ထွက် ဆန္ဒပြ တောင်းဆိုမှုများပြုလုပ်၍ ပျက်စီးသွားသည့် ၎င်းတို့၏ လယ်မြေများအတွက် ဖြေရှင်းပေးရန် တောင်းဆိုမှုများကို တွေ့ရှိရသည်။

ထိုကဲ့သို့ မပြီးပြတ်သေးသည့် ကိစ္စရပ်များကြားတွင် ကတ်သပြေ၊ကြက်တိန်နှင့် သိုင်းချောင်း ကျေးရွာတို့ အနီးတွင်မြေဧရိယာ ၂၅၀ ဧကခန့် အား ယခုနှစ် သင်္ကြန်မတိုင်ခင်က သက်ဆိုင်ရာမှ တိုင်းတာမှုပြုလုပ်ခဲ့သောကြောင့် ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုနှင့်ပက်သက်၍ ဒေသခံများ အကြားတွင် စိုးရိမ်ပူပန်မှုများပိုမို ဖြစ်ပေါ်စေခဲ့သည်။ ယခုတိုင်းတာမှုနှင့်ပက်သက်၍ လျော်ကြေးငွေ နှင့် လယ်မြေအစားထိုးပေးခြင်း ဆိုင်ရာကိစ္စရပ်များအား ပွင့်လင်းမြင်သာသည့် ဆွေးနွေးမှုများမရှိသေး ဟုလည်း ရွာသားများက ပြောဆိုကြသည်။

ပြိုင်စေ့ကေရွာအနီးတည်ဆောက်ခဲ့သည့် ရေလှောင်တမံစီမံကိန်းကြောင့် မြေဧက ၄၀ ခန့်ကို ရွာသားများဆုံးရှုံးခဲ့ကြရသည်။ ဆုံးရှုံးခဲ့သည့် လယ်မြေဧက ၅.၁ ဧကအတွက် အတွက်လျော်ကြေး များပေးအပ်ခဲ့သော်လည်း ကျန်ဆုံးရှုံးမြေ စားကျက်မြေအမျိုးအစားအတွက်မှု လျော်ကြေးပေးခြင်း မရှိခဲ့ကြောင်း ပြိုင်စေ့ကေ ရွာသားတစ်ဦးထံမှ သိရှိရသည်။ ထိုလျော်ကြေးငွေများသည် ပြန်လည်ထွန်ယက်စိုက်ပျိုးရန် လယ်မြေများ အစားထိုး ပြန်လည်ဝယ်ယူရန်အတွက် လုံလောက်မှုမရှိကြောင်းကို ICJ အားပြောကြားခဲ့သည်။ ဆုံးရှုံးလယ်မြေများအတွက် အစားထိုး လယ်မြေများပြန်လည်ပေးမည် ဟု ကတိပေးခဲ့မှုရှိသော်လည်း ယနေ့ထိ ဆောင်ရွက်ပေးခြင်း မရှိသေးချေ။ သိုင်းချောင်း ကျေးရွာအနီး တွင်တည်ဆောက်လျက်ရှိသည့် ရေလှောင်တမံ နောက်တစ်ခု အတွက်လည်း မြေဧကပေါင်း ၇၀ ခန့် ရွာသား များဆုံးရှုံးခဲ့ကြသည်။ ရေလှောင်တမံအတွင်း ပါဝင်သွားသည့် ဆုံးရှုံးမြေများအတွက် လျော်ကြေးများပေးအပ်ခဲ့သော်လည်း ယင်းသို့ သွားရန် ဖောက်လုပ်သည့် လမ်းတွင်ဆုံးရှုံးသွားသည့် မြေများအတွက်မှု လျော်ကြေးငွေ ပေးအပ်ခြင်းမရှိခဲ့ပါ။

"လျော်ကြေးငွေတော့ အကုန်ပေးပါတယ်။ ဒါပေမယ့် ဆုံးရှုံးသွားတဲ့ မြေဧကတွေကို သေချာတိုင်းတာပြီး ပေးတာမဟုတ်ဘူး။ ခန့်မှန်းပြီး ပေးထားတာပါ။ အသေအချာ တိုင်းတာတွက် ချက်ပေးပြီးမှ အတိအကျပေးစေချင်ပါတယ်" ဟု သိုင်းချောင်းကျေးရွာနေ ကိုထွန်းနမှ ဆိုသည်။

ဤရေလှောင်တမံများအား ကျောက်ဖြူအထူး စီးပွါး ရေးဇုန် စီမံကိန်းအတွက် ရေဖြန့်ဝေပေးရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်းသိရှိရသည်။

ထို့အပြင် ရဲတပ်ရင်း (၃၂) တည်ဆောက်ရေးစီမံကိန်းအတွက် မြေဧကပေါင်း ၂၀၀ ခန့် နစ်နာဆုံးရှုံး ခဲ့ရကြောင်းကိုလည်း အုန်းတော နှင့် ပြိုင်စိတ်ကေ ကျေးရွာများမှ တောင်သူလယ်သမားများက ICJ အားပြောကြားခဲ့သည်။ ရဲစခန်းတည်ဆောက်ခြင်းသည် ယေဘုယျ အားဖြင့် မြို့နယ် လုံခြုံ ရေးအတွက် ဟုဆိုနိုင်သော်လည်း ဖြစ်ပေါ်လာမည့် အထူးစီးပွါးရေးဇုန်၏ လုံခြုံရေးတိုးမြှင့် ဆောင်ရွက်ရန် လိုအပ် ချက်ကြောင့်တိုးချဲ့ဆောက်လုပ်ခြင်းဖြစ်နိုင်သည် ဟု ဒေသခံများက ထင်မြင်ယူဆကြသည်။ ယခု အချိန်ထိ ဆုံးရှုံးခဲ့ရသည့် မြေနေရာများအတွက် နစ်နာမှု လျော်ကြေး ငွေနှင့် ပက်သက်၍ ဆွေးနွေးမှု တစုံတရာ မတွေ့ရသေးချေ။ ရဲစခန်း တစ်ခုတည်ဆောက်ရန် အတွက် ဤမျှလောက်သော မြေဧက အကျယ်အဝန်း အမှန်တကယ် လိုအပ်သလားဆိုသည်မှာလည်း မေးခွန်းထုတ်စရာဖြစ်နေသည်။

၂၀၁၄ အထူးစီးပွါးရေးဇုန် ဥပဒေအရ အထူးစီးပွါးရေးဇုန် နှင့် ပက်သက်သည့် မြေယာသိမ်းဆည်း မှုများ သို့မဟုတ် လွှဲပြောင်းပေးမှု ကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာနမှ တည်ဆဲဥပဒေများနှင့် အညီလိုက် နာဆောင်ရွက်ရမည်ဟု ပြဌာန်းထားသည်။ ရင်းနှီးမြုပ်နှံသူများ နှင့် ရင်းနှီးတည်ဆောက်သူများ အနေဖြင့် နစ်နာဆုံးရှုံးမှု လျော်ကြေးငွေနှင့် ပြောင်းရွှေ့ခြင်းများအတွက်ကုန်ကျသည့် ကုန်ကျစ ရိတ်များကိုကျခံရမည့် တာဝန်ပေးအပ်ထားပြီး ပြောင်းရွှေ့ပေးရသည့်အခါတွင်လည်း ဒေသခံများ နဂိုမူလ လူနေထိုင်မှု ဘဝအခြေအနေထက် နိမ့်ကျလျော့ နည်းသွားသည့် အခြေအနေမျိုး မဖြစ်စေရန် လည်းပြဌာန်းပါရှိသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရသစ်သည် မြေယာနှင့်ဆက်နွယ်သည့် ပြဿနာများစွာကို ယခင်အစိုးရထံမှ အမွေဆက်ခံရရှိခဲ့ရာ ၎င်းပြဿနာများအား အထူးဦးစားပေး ဖြေရှင်းဆောင်ရွက်လျက်သည်။ နိုင်ငံတစ်ဝှမ်းရှိ မြေယာ အငြင်းပွါးမှုများကို ဖြေရှင်းရန်အတွက် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ကို မေလ (၅) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် မြေများကို စီမံခန့်ခွဲလျက်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိကိုစိစစ်ဆောင်ရွက်ရမည် ဖြစ်သည်။ လက်ရှိ ပြဿနာများကို ဥပဒေနှင့် အညီဆောင်ရွက်ပြီးသည်အထိ နောက်ထပ် လယ်ယာ မြေသိမ်းဆည်းခြင်းကိစ္စရပ်များကို ဆောင်ရွက်ခြင်းမပြုရန်လည်း သမ္မတရုံး မှညွှန်ကြားထားသည်။

ဤကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်သည့် အခါတွင် နိုင်ငံတကာ စံနှုန်းများဖြစ်သည့် ဖွံ့ဖြိုး ရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ပြောင်းရွှေ့နေရာချထားပေးခြင်းဆိုင်ရာ အခြေခံမူနှင့် လမ်းညွှန် ချက်များအား ပြည်တွင်း မူဝါဒ နှင့် ဥပဒေများတွင် ထည့်သွင်းရေးဆွဲပြဌာန်းရန် အလွန်အရေးကြီးသည်။ သို့မှသာလျှင် စီမံကိန်းများအနေဖြင့် ပြည်သူများ၏ သက်မွေးဝမ်းကြောင်း လုပ်ငန်းများကိုအကာ ကွယ်ပေး နိုင်မည်ဖြစ်ပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြုပ်နှံမှုများ ဖြစ်လာစေရန် တွန်းအားပေးနိုင်ပေလိမ့် မည်။

***ဦးဟေမာန်ဦးသည် International Commission of Jurists မှ ဥပဒေရေးရာ သုတေသီ တစ်ဦးဖြစ်သည်။***